**လက်အောက်ခံကုမ္ပဏီ၏ အစုရှယ်ယာဝယ်ယူခြင်း၊ အစုရှယ်ယာ ပိုင်ဆိုင်မှုပြောင်းလဲခြင်း နှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေအား ထုတ်ပြန်ခြင်း အသိပေးကြေငြာခြင်း**

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့ (န်) အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ လီမိတက် ("ကုမ္ပဏီ"နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ၂၀၁၉ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ နှင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တို့တွင် ကုမ္ပဏီမှ ထုတ်ပြန်သော ကြေငြာချက်များ ("ယခင် ကြေငြာချက်များ" ) ကို ရည်ညွှန်းလျက် ထိုကြေညာချက်များတွင် ဖော်ပြခဲ့သည့် မတည်ရင်းနှီးငွေ ထပ်တိုးခြင်း တနည်းအားဖြင့် ပြောရ လျှင် ရိုးမဘဏ်လီမိတက် ("ရိုးမဘဏ်") ၏ အစုရှယ်ယာများအား နိုင်ငံခြားအဖွဲ့အစည်းများမှ ဝယ်ယူရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်ပြီးမြောက်ပြီးဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေး အကြောင်းကြားအပ် ပါသည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား စင်ကာပူနိုင်ငံ အစိုးရ၏ ရင်နှီးမြှုပ်နှံမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် GIC မှ ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သော Greenwood Capital Pte Ltd ("GIC") မှတဆင့် လည်းကောင်း နော်ဝေနိုင်ငံ အစိုးရ၏ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ရည်ရွယ်သည့် နော်ဝေနိုင်ငံရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ Norfund ("Norfund") မှ လည်းကောင်း အသီးသီး ထည့်ဝင်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ရိုးမဘဏ်၏ သတင်းထုတ်ပြန်ချက်အား အောက်ပါ အင်တာနက် စာမျက်နှာ များတွင် ဝင်ရောက် ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

" https://www.yomabank.com/en/business/news/66 "

ဤ ကြေငြာချက်တွင်အသုံးပြုထားသော စကားရပ်များသည် အခြား အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါက ကုမ္ပဏီက ထုတ်ပြန်ခဲ့သော ယခင် ကြေငြာချက်များပါ စကားရပ်များအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရမည်ဖြစ်သည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၀ ခုနှစ်၊ ဧပြီလ (၁၀) ရက်


***First Myanmar Investment Public Co., Ltd.***
*YSX Code 00001*
*The Campus*
*1 Office Park, Rain Tree Drive*
*Pun Hlaing Estate, Hlaing Thayar Township,*
*Yangon 11401, Myanmar*
*Tel: (01) 3687766*
*www.fmi.com.mm*